## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်
## အမှတ်စဉ် ( ၁၄ / ၂၀၁၈ )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၈ ) အား ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး အမှတ်စဉ် (၁၅ /၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု မှာ အဆိုပြုလုပ်ငန်း (၁)ခုနှင့် အတည်ပြုလုပ်ငန်း (၁)ခု စုစုပေါင်းလုပ်ငန်း (၂)ခု အား မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်း (၂)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၄၄.၁၄၈) သန်းကို ခွင့်ပြု/ အတည်ပြု ပေးခဲ့ပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၇၅၂) ဦးကို ဖန်တီးပေးမည် ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်း(၂)ခုမှာ စက်မှုကဏ္ဍမှ (၁)ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးကဏ္ဍ (၁)ခု ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၁၅)ရက်နေ့ အထိ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ခွင့်ပြု/ အတည်ပြု ပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၇၇)ခု၊ ရင်းနှီးမြှုပ် နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၉၃၄.၁၀၂) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီး မြှုပ်နှံမှုပမာဏ မှာ အမေရိကန်ဒေါ်လာ (၁,၄၇၉.၆၉၈) သန်းဖြစ်ပါသည်။

အထူး စီးပွားရေးဇုန် ဥပဒေအရ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၁၅)ရက်နေ့ အထိ စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၇၁.၁၀၀) သန်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၁၅)ရက်နေ့ အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁,၆၅၀.၇၉၈) သန်း ဖြစ်ပါသည်။

အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှု အတည်ပြုလုပ်ငန်း (၂)ခု ခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုလုပ်ငန်း (၁)ခုနှင့် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြု လုပ်ငန်း(၁)ခု ခွင့်ပြု ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၀.၉၇၀)သန်း အပါအဝင် ကျပ် (၆,၀၉၂.၀၀၀) သန်း

Email: dica@mptmail.net.mm
Website: www.dica.gov.mm

ခွင့်ပြုပေးခဲ့ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့် အလမ်းပေါင်း (၂၂၆)ခု ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ အဆိုပါ အတည်ပြုလုပ်ငန်း(၂)ခုမှာ အခြား ကဏ္ဍမှ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၁၅)ရက်နေ့ အထိ မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၈၄)ခု၊ အမေရိကန် ဒေါ်လာ (၁၈၆.၆၅၅) သန်း အပါအဝင် ကျပ် (၉၀၉,၉၅၄.၇၇၄) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၂၁၃.၉၀၃) သန်း အပါအဝင် ကျပ် (၉၇၄,၉၅၈.၆၃၄) သန်းခွင့်ပြုပြီး ဖြစ်ပါသည်။